ဆူးငှက်

# အလှူမီနှီယံ မျက်နှာပြင်ပေါ်က
# ဟင်္သပဒါး ပုံရိပ်များ



## ဆန္ဒမွန်အမှာ

'ပြည်တော်သူ ရဟန်းရှင်လူအပေါင်းကိုဖြင့် . . .

ဆုတောင်းကာ ပတ္ထနာခြွေလို့၊

မာပါစေ တွေ့ာပို့ရာက

ရွှေမြို့တော် တောင်တမန်းဆီသို့

ယောင်ယမ်းကာ တစ်ခါတစ်ခါမြင်တော့ . . . ' တဲ့ ။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက `အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား နတ်ထီးကြငှန်း စံမြန်းတော်မူကြောင်းဘွဲ့ သံဝေဂ လေးချိုးကြီး' မှာ စပ်ဆိုခဲ့ပါတယ်။ ဆရာကြီးက `သခင်ဋီကာ` မှာ လည်း `မန်းအပျက်တွင် ကြငှန်းမက်လိုက်ရပုံက၊ ပုခန်းထွက်တဲ့ ပြီး၊ အကြမ်းဖက်ကရော့မဟဲ့လို့၊ ငမ်းငမ်းတင် သရေယိုအောင်၊ နန်းဆက်အမွေကိုလည်း မှန်းမိတဲ့ ပြင် . . . `လို့ စပ်ဆိုခဲ့သေးတယ် မဟုတ်ပါလား။

ဆရာကြီးက ' မန္တလေး' ကို ရော်ရမ်းမျှော်မှန်း လွမ်းတနေရတယ်ဆိုတာ ရွှေထီးရွှေနန်း ပြဿဒ်အဆောင်ဆောင်နဲ့ ရုပ်ဝတ္ထု မန္တလေးထက် မြန်မာကိုကိုယ်စားပြုတဲ့ စရိုက်လက္ခဏာ၊ မြန်မာကို ကိုယ်စားပြုတဲ့ စိတ်ဓာတ်၊ မြန်မာကို ကိုယ်စားပြုတဲ့ သဘောသဘာဝ တွေကို ပိုမိုလွမ်းဆွတ် တသမယ် ဆိုတာ ပိုမိုသေချာပါတယ်။

ဒီစရိုက်လက္ခဏာ၊ ဒီစိတ်ဓာတ်၊ ဒီသဘော သဘာဝ တွေကို လွမ်းဆွ

တ်လောက်တယ် ဆိုတာကလည်း လူသားတစ်ဦးတစ်ယောက်အနေနဲ့ လူသားပီသစွာ၊ လူသားဆန်တဲ့ မြင့်မြတ် စိတ်ထားကို တန်ဖိုးထား ဂုဏ်ယူ ထွေးပိုက်ချင်တဲ့ သဘောပါပဲ။

‘လူ . . . ’ တဲ့ ။

အသိဉာဏ်ရှိတဲ့ သတ္တဝါကို `လူ’ လို့ ခေါ်သတဲ့ ။

ဘယ်လို အသိဉာဏ်မျိုးလဲ။

(၁) `သကတ္တ`နဲ့ `ပဥ တ္တ’

မိမိအကျိုး၊ သူတစ်ပါးအကျိုး ခွဲခြားသိတာ။

ဆိုလိုတာက ကိုယ့်အကျိုး သာမက သူ့အကျိုးပါ ဒွန်တွဲစဉ်းစားတာ၊

ချုပ်လိုက်တော့ `ကိုယ်ချင်းစာတရား’ ပေါ့။

(၂) `အတ္တ’ နဲ့ `အနတ္တ’

အကျိုးရှိခြင်း၊ အကျိုးမဲ့ခြင်းကို ခွဲခြားသိတာ။

ဒီအလုပ်လုပ်ရင် အကျိုးရှိတယ်၊ ဒီစကားပြောရင် အကျိုးမဲ့တယ်၊

ဒီစကားပြောရင်အကျိုးရှိတယ်၊ ဒီအလုပ်လုပ်ရင်အကျိုးမဲ့တယ်ကို သိတာ။ ဒီ `အကျိုး’

ဆိုတာမှာ လည်း `ကိုယ်ချင်းစာတရား’ နဲ့ ယှဉ်တဲ့ `အကျိုး’ ပါပဲ။

(၃) `ပုည’ နဲ့ `ပါပ’

ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်ကို စိတ်ဖြာပြီးသိတာ။

ကိုယ့်အလုပ်၊ ကိုယ့်အပြောကြောင့် ကောင်းမှုဖြစ်စေတာ၊ မကောင်းမှုဆီ ဦးတည်သွားပြီ

ဆိုတာ စိတ်ဖြာ ခွဲခြမ်း သိနိုင်တာ။

(၄)`ကာရဏ' နဲ့ `ဖလ'

အကြောင်း၊ အကျိုးကို သိတာ။ သည် အကြောင်းတရားကို အခြေခံရင် အကျိုးဆက်က

ဘယ်လို၊ သည် အကျိုးဆက် ဖြစ်ရတာ က သည် အကြောင်းကြောင့် ဆိုတာမျိုး ဝေဖန်

ပိုင်းခြား သိကျွမ်းတာ။

ဒီတော့ `လူ' ဆိုတာ ဒီအချက် (၄) ချက်ကို အခြေခံတဲ့ အသိဉာဏ်ရှိသူကို ခေါ်တာပဲ။ ဒီလိုအသိဉာဏ်မျိုးရှိတဲ့ လူမျိုးမှ သာ လူ့အဆင့်၊ လူ့အတန်းမီပြီး လူ့လောကကြီးမှာ လူပီသစွာနဲ့ လူ့အဆောက်အအုံကြီးကို တည်ဆောက်နိုင်တာပဲ။

ဒီလို ရှေးရှေးကတည်းက လိုက်နာယုံကြည်ခဲ့ကြတယ်။ ကျင့်ကြံခဲ့ကြတယ်။ ဒီအဘိဓမ္မာ၊ ဒီဒဿနနဲ့ `မြန်မာ' ဆိုတာ `ယဉ်ကျေးဖွယ်ရာသောလူမျိုး' အဖြစ် တစ်ထီးတစ်နန်း နေနိုင်ခဲ့ကြတယ်။

အချိန်ကာလတစ်ခုမှာ အဲဒီ `မြန်မာ' ဆိုတာ ညှိုးမှိန်၊ အဲဒီ `မြန်မာ' ဆိုတာ ဆိတ်သုဉ်း၊ အဲဒီ `မြန်မာ' ဆိုတာ ကွယ်ပျောက်လု ဖြစ်ခဲ့ရတော့ ဆရာကြီးက မျိုးနွယ်တစ်ဆက်လုံး ကျင့်သုံးလိုက်နာ ခဲ့တဲ့ `လူသားဆိုင်ရာဒဿန' ကြီးလည်း ညှိုးမှိန်၊ ဆိတ်သုဉ်း၊ ကွယ်ပျောက်ကာ `လူမဆန်တဲ့ ကာလ' ကြီး ရောက်လေမလား တွေးပူပြီး ဆရာကြီး ယုံကြည်လက်ခံတဲ့ `လူသားကိုယ်စားပြု မြန်မာ၊ မြန်မာကိုယ်စားပြု မန္တလေး' ကို ရော်ရမ်းမျှော်မှန်း လွမ်းဆွတ်ခဲ့တာပဲဖြစ်ပါတယ်။

ရှေးက `မန္တလေး’ ကို ချစ်ကြတယ်ဆိုရာမှာ အဲဒီ ယုံကြည်မှုနဲ့ ချစ်ခဲ့ကြတာပါ။ အဲဒီ အတွေး အခေါ်နဲ့ ချစ်ခဲ့ကြတာပါ။ `ကျဉ်းမြောင်းတဲ့ ဒေသစွဲ’ နဲ့ ငါ့မြို့၊ ငါ့မြေ ဆိုတာမျိုးနဲ့ ချစ်ခဲ့ကြတာမျိုး မဟုတ်ပါဘူး။ စွဲလမ်းခဲ့ကြတာမျိုး မဟုတ်ပါဘူး။

ပြည်ရွှေတောင် ဝါးလည်ရွာသား ဆရာကြီး သခင်ကိုယ်တော်မှိုင်းကလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ မုံရွာသား လယ်တီပဏ္ဍိတ ဦးမောင်ကြီးလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ ဖျာပုံသား ဆရာဇော်ဂျီလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ ကွမ်းခြံကုန်းသား ဆရာမင်းသုဝဏ်လည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ ဇီးကုန်းသား ဆရာဇေယျလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ စစ်ကိုင်းသား ဆရာကြီး မဟာဆွေလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ မုံရွာသား ဆရာညိုမြလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ ပြည်သား ဇဝနလည်း ဒီစိတ်ဓာတ်နဲ့ ချစ်ခဲ့တာပါ။ ရခိုင်ပြည်နယ် သံတွဲသား ပါမောက္ခ ဦးကျော်ရင်လည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ ဟင်္သာတ ကျုံတဒူးသား ဦးဆန်းထွန်းလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးကို ချစ်ခဲ့တာပါ။ ညောင်လေးပင် ပုဇွန်မြောင်းသား ကြီးပွားရေး ဦးလှလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ ရေကြည်သား ဒေါက်တာသန်းထွန်းလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။ ပခုက္ကူ မြိုင်သား မြသန်းတင့်လည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့တာပါ။

ဒီလိုနဲ့ ရန်ကုန်သား၊ မော်လမြိုင်သား၊ မြင်းခြံသား၊ စစ်ကိုင်းသား၊ မုံရွာသား၊ တောင်ကြီးသား၊ မြစ်ကြီးနားသား၊ တံတားဦး အင်းဝသားတွေလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့ကြတာ မဟုတ်လား။

မန္တလေးမှာ မွေးဖွား၊ မန္တလေးစိတ်ဓာတ်ကို အပြည့်အဝ သဘောပေါ

က်၊ လက်ဆင့်ကမ်း ယူခဲ့ကြတဲ့ စာရေးဆရာ၊ ဆရာမကြီးများ ၊ အနုပညာရှင်ကြီးများ ဆိုရင် အထူးပြောစရာ မရှိတော့ပါဘူး။

နန်းတော်ရှေ့ ဆရာတင် ရေးသလိုပါပဲ။

`ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရေတစ်ပြင်တည်း . . . ရှေးကတော့ ပိုချစ်ကြတယ် . . .' ဆိုတာမျိုး။

ဟုတ်ပါတယ်။ အင်မတန် မြန်မာဆန်သော၊ မြန်မာဆန်မှု၏ အညွန့်အဖူး၊ အထွတ်အထိပ် ထီးနန်းဆန်သော၊ ရုပ်ဝတ္ထု အလှသာမက စိတ်ရင်းစိတ်ဓာတ် အလှအပတို့ စုစည်းရာဖြစ်ခဲ့သော မန္တလေးကို ရှေးပညာရှိ မြန်မာကြီးများကိုယ်နှိုက်က တမြတ်တနိုး ချစ်ခဲ့ကြတာပါ။

ဘယ်အထိ ချစ်ခဲ့ကြသလဲဆိုရင် မြန်မာသက္ကရာဇ် ၁၃၂၁ ခုနှစ် မန္တလေး အနှစ် ၁၀၀ တင်းတင်းပြည့်တဲ့ အထိ ထိုအချစ်၊ ထိုအနှစ်က လျော့ကျမသွားခဲ့ပါဘူး။

`မန္တလေးဆို ရွှေမြို့၊ တို့ ရတနာပုံနေပြည် . . .

တင့်တယ်သာယာ စည်ကား ဟိုတုန်းအခါကလေ . . .

အဲဒါတွေ မတွေးကြနဲ့ ရှေ့ဆက်ကာ စီမံကြစို့လေ' လို့ တေးရေးဆရာ အေဝမ်းဆရာညှာ တိုက်တွန်းခဲ့သလို ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပြာပုံအတိ ပြားပြားဝပ် ပျက်စီးခဲ့တဲ့ `မန္တလေး' ကို နဂိုမူလ မန္တလေးမူ၊ မန္တလေးဟန်၊ မန္တလေးသွေး မပျောက်သော၊ `နဖူးကချွေး ခြေမ ကျမျှ' ရွှေမြို့တော်သူ ရွှေမြို့တော်သား အားလုံးက စွမ်းစွမ်းတမံ ပြန်လည်တည်ဆောက် ခိုင်မာစေခဲ့တာ မန္တလေး အနှစ် ၁၀၀ ပြည့်မှာ ထိ ဒီစိတ်ဓာတ် ဒီအားမာန်က ရှင်သန်တက်ကြွနေဆဲပါ။ ဒီစိတ်ဓာတ် ဒီအားမာန်နဲ့ မန္တလေးကို ချစ်ခင်ကြဆဲပါ။

ကျွန်တော် မန္တလေး အနှစ် ၁၀၀ ပြည့်ပြီးနောက်ပိုင်းမှ မွေးဖွားခဲ့ပါတယ်။ လူကြီးသူမ စကားများ ၊ ဖတ်မှတ်ဖူးသော စာအုပ်စာတမ်းများ နှင့် ကိုယ့်ရှေ့က မျိုးဆက်များ ရဲ့ စိတ်ဓာတ်များ အရ အနှစ် ၁၀၀ အတွင်း မန္တလေးရဲ့ ဖြတ်သန်းမှု အရှိန်အဝါကြီးက ခံ့ညား ကြီးမားလှကြောင်း အသွေးထဲ အသားထဲထိ သိရှိလာရတယ်။

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု။

ကိုင်း . . .

ကျွန်တော်တို့ လူလားမြောက်ပြီး လူ့တာဝန် ထမ်းဆောင်နိုင်တဲ့ မန္တလေး အနှစ် ၁၀၀ ပြည့်ရဲ့ ဒီဘက် နှစ် ၅၀ သက်တမ်းမှာ -

ပြုံးရယ်နေတဲ့ မန္တလေးလား . . . ဖုံးကွယ်နေတဲ့ မန္တလေးလား

ရှေ့ရောက်တဲ့ မန္တလေးလား . . . မေ့ပျောက်တဲ့ မန္တလေးလား

အကြံအောင်တဲ့ မန္တလေးလား . . . ဟန်ဆောင်တဲ့ မန္တလေးလား

ချစ်ခင်တဲ့ မန္တလေးလား . . . ညစ်ချင်တဲ့ မန္တလေးလား

ရတနာရတဲ့ မန္တလေးလား . . . ခဝါချတဲ့ မန္တလေးလား

ရွှေထီးဆောင်းတဲ့ မန္တလေးလား . . . မြေကြီးအောင်းတဲ့ မန္တလေးလား

အသရေတက်တဲ့ မန္တလေးလား . . . အခြေပျက်တဲ့ မန္တလေးလား

အညွန့်ဖြာတဲ့ မန္တလေားလား . . . စွန့်ခွာတဲ့ မန္တလေးလား

တွန်သံသာတဲ့ မန္တလေးလား . . . မလွန်ဆန်ရှာတဲ့ မန္တလေးလား

တရားသိတဲ့ မန္တလေးလား . . . အမှားအပြည့်နဲ့ မန္တလေးလား

ကျက်သရေရှိတဲ့ မန္တလေးလား . . . ရတက်ပွေမိတဲ့ မန္တလေးလား

လား . . . လား . . . လား . . .

ဒီ `လား' ပေါင်းများ စွာရဲ့ အဖြေဟာ `မန္တလေးသား' တွေရဲ့ ရင်ထဲနှလုံးသားထဲမှာ ရှိပြီးသားပါ။ အခု `စာစု' က ဒီနှလုံးသားထဲက ခံစားမှုရဲ့ အပိုင်းအစ တစ်ခုမျှသာ ဖြစ်မှာ ပါ။

ဘာပဲပြောပြော နှစ်ပေါင်း (၁၅၀) တင်းတင်း ပြည့်ပြီးခဲ့တဲ့ `၁၅၀ လွန် မန္တလေး' မှာ ဖြစ်ထွန်းလာမယ့် အသစ်တိုင်း အသစ်တိုင်းဟာ `အနှစ်' တွေအပြည့်နဲ့ အနှစ် ၁၀၀ က အစဉ်အလာကို လက်ဆင့်ကမ်းမယ့် `မန္တလေး' ဖြစ်ပါစေသောဝ် . . . လို့ ဆန္ဒပြုလိုက်ပါသည် ။

ဆူးငှက်

* * *

## အသက်ကြီးလာမှ ပိုမိုကျယ်ပြန့် အင်အားကြီးလာတဲ့ မန္တလေး

"အရင်တစ်ခေါက်ကနဲ့ ကို မတူတော့ဘူးနော်၊ မမှတ်မိလောက်အောင် ပြောင်းလဲ သွားတာပဲ"

ဟူသော စကားမှာ မန္တလေးသို့ တစ်ကြော့တစ်ပြန် ပြန်လည် ရောက်ရှိလာသူတိုင်း၏ လက်သုံးစကား ဖြစ်ခဲ့သည် ။

မန္တလေး၌ နေထိုင်သူပင်လျှင် အိမ်တွင်းပုန်းနေမိပြီး မဖြစ်မနေ အပြင်ထွက်မိပါက ရုတ်ခြည်း ပြောင်းလဲသွားသော မြင်ကွင်းကို ကြည့်ရှု၍ ပြောင်းလဲခြင်းတရားကို ဆင်ခြင်မိသူချည်း ဖြစ်ကြရ၏ ။

တကယ်တော့ မန္တလေးသည် ၁၄၆ နှစ် သက်တမ်းကို ဖြတ်သန်းခဲ့သော မြို့တစ်မြို့ ဖြစ်သည် ။ ခရစ်နှစ် ၁၈၅၆ ခုနှစ်တွင် ရန်ကုန်မြို့၏ မြောက်ဘက်ကီလိုမီတာ ၇၁၀ အကွာ၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းခြေရှိ ကျယ်ပြန့်သော မြေအပြင်ရှိရာ မြောက်လတ္တီကျူဒ် ၂၁° - ၅၈'၊ အရှေ့ လောင်ဂျီကျူဒ် ၉၆° - ၀၄' ဆိုရာအရပ်၌ မင်းတုန်းမင်းတြားကြီးက မန္တလေးကို စတင် တည်ထောင် ခဲ့သည် ။

အမရပူရ မြို့တော်ဟောင်း၌ မင်းတုန်းမင်း နန်းတက်သော ၁၈၅၃ ခုနှစ် ဖေဖော်ဝါရီလ ကတည်းက အောက်မြန်မာပြည်ရှိ မြို့တော်ရန်ကုန်ကို ကပ္ပတိန်ဖရေဇာက ခေတ်မီမြို့သစ်စီမံကိန်း အဖြစ် အကောင်အထည်ဖော်နေသောကြောင့် ဝါးကပ်နှင့် သစ်သားအိမ်များ ပေါ်များကာ လမ်းများ ကျဉ်းမြောင်းပြီး ဘေးအန္တရာယ်လည်း နီး၊ ကျန်းမာရေးနှင့်လ

ည်း ဆန့်ကျင်သော အမရပူရ မြို့ဟောင်းကို စွန့်ခွာကာ အောက်မြန်မာပြည်နည်းတူ မြို့သစ်နန်းသစ် တည်ထောင်လိုသောဆန္ဒမှာ မင်းပျိုမင်းလွင်တိုင်း ရှိနေမည်မှာ သေချာသည်။

ထို့ကြောင့် ဝန်ကြီးများ အစုံအညီ သဘောတူညီမှုဖြင့် ခရစ်နှစ် ၁၈၅၆ ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့တွင် မန္တလေးမြို့သစ် စီမံကိန်းကို ချမှတ်ခဲ့သည်။ ခရစ်နှစ် ၁၈၅၆ ခုနှစ်သည် သာသနာနှစ် ၂၄၀၀ နှင့် ကိုက်ညီသဖြင့်လည်း ထိုနှစ်၌ ဆန္ဒတော်ကို အပြီးသတ် အဆုံးအဖြတ် အတည်ပြုခြင်း ဖြစ်၏။

မြို့သစ်နန်းသစ်နှင့် ပတ်သက်၍ လုပ်ဆောင်ဖွယ်ရာအသီးသီးကို ဆောင်ရွက်ပြီးနောက် မြို့တည်မော်ကွန်းတွင် မြန်မာကောဇာသက္ကရာဇ် ၁၂၂၁ ခု (ခရစ်နှစ် ၁၈၅၉ ခု၊ သာသနာနှစ် ၂၄၀၃ ခု) တွင် မန္တလေးမြို့တည်ပြီးကြောင်း မှတ်တမ်းတင်ရေး ထိုးခဲ့သည်။



မန္တလေးနန်းမြို့၏ ကြေးမုံတံခါး။

၁၈၅၉ ခု ဩဂုတ်လ ၁ ရက် (၁၂၂၁ ခု ဝါခေါင်လဆန်း ၃ ရက်) နေ့စွဲပါ `ကောင်ဟင်နရီဒီစာစီ' ထံမှ ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး `ကောင့်ဝါလူးစကီ' ထံ ပေးစာတွင် -

`မကြာမီ မြန်မာပြည်အကြောင်း အပြည့်အစုံကို ဝန်ကြီးမင်းထံ တင်ဆက်ပါမည်၊ ပြန်လည် ရေးဆွဲထားသော မြန်မာပြည်မြေပုံနှင့်တကွ မင်းနေပြည်တော်၏ ပန္နက်ပုံကိုပါ ပို့ပါမည်၊ မင်းနေပြည်တော်သည် အင်္ဂလိပ်၏ အမြောက်ကျည်ဆန် အန္တရာယ်မှ ဝေးစေရန် ရွှေ့ပြောင်းစံ နေသောမြို့တော် ဖြစ်ပါသည် '

ဟု ဖော်ပြထားကြောင်း `ဗီဗီယန်ဘ' က `ကောင့်ဟင်နရီဒီစာစီ၏ လျှို့ဝှက်သော မစ်ရှင်' စာတမ်းတွင် ရေးသားထားသည်။

အသစ်တည် မန္တလေးသည် ရွှေကြိုးသတ်နယ်မြေ သဘောအရ တောင်အလား ဒုဋ္ဌဝတီမြစ်၊ မြောက်အလား မတ္တရာမြစ်၊ အရှေ့အလား နတ်ထိပ်တောင်ရိုးအထိ၊ အနောက်အလား ဧရာဝတီမြစ်တို့ ဖြစ်ကြောင်း ၁၈၅၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်၊ ကောဇာသက္ကရာဇ် ၁၂၁၈ ခု တပို့တွဲလပြည့်ကျော် ၅ ရက်နေ့ထိုး ကျောက်စာတွင် အသေးစိတ် ရေးထိုးထားသည် ။

ကျောက်စာပါ နယ်မြေဒေသများကို မြေပုံအမျိုးမျိုးဖြင့် အတိအကျပင် မြစ်၊ ချောင်း၊ အင်းနှင့် တူးမြောင်း၊ ဆည်၊ ကန်၊ ကျေးရွာအမည်များဖြင့် ပြည့်ပြည့်စုံစုံ ရေးဆွဲဖော်ပြထားကြ၏ ။ ရှေးမြန်မာ မြေပုံရေးဆွဲပုံစနစ်အတိုင်း စကေးကိုက် အကွာအဝေး၊ အကျယ်အဝန်းပြ မဟုတ်ဘဲ ပကတိအရှိ မျက်မြင်ကို သရုပ်ဖော်ရေးဆွဲသည့် မြေပုံများ ဖြစ်သည် ။

ထိုမြေပုံများ အရ မန္တလေး ရွှေကြိုးသတ်နယ်နိမိတ်မှာ အလျားမိုင် ၃၀၊ အနံ ရှစ်မိုင်မျှ ကျယ်ဝန်းသည် ကို တွေ့ရပေမည်။

ကျုံးလေးဖက်လေးတန် ကာရံ၍ အုတ်မြို့ရိုးကြီးဖြင့် စတုရန်းကျကျ တည်ဆောက်ထားသော နန်းမြို့တော်ကြီးမှာ တဖက်လျှင် တာ ၆၀၀ အညီအမျှဖြင့် စုစုပေါင်း တာ ၂၄၀၀ ရှိ၏ ။ မြို့တည်သည့် သာသနာနှစ် ၂၄၀၀ ကို အမှတ်အသားပြုခြင်းဖြစ်သည် ။

(တစ်တာလျှင် ခုနှစ်တောင်၊ တစ်တောင် ၁၉ လက်မဖြင့် တွက်လျှင် မြို့ရိုးတဖက် ၁ မိုင် ၂ ဖာလုံ ၅၅ ကိုက်မျှရှိပြီး လေးဖက်ပေါင်း ၅ မိုင် နှင့် ၁ ဖာလုံရှိသည် ။)

မြို့တော်တွင်း၌ တာ ၅၀ လျှင် တစ်ပြ(ပေ ၅၅၀ ကျော်) ဖြင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ၁၂ ပြစီဖြင့် စတုရန်း ပြကွက်ကြီးပေါင်း ၁၄၄ ကွက် လျာထားသည် ။ မြို့ပြ၌ လည်း ၄င်းအတိုင်းအထွာ ပြများ အတို

င်း လမ်းများ ဖောက်ကာ အရှေ့၊ အနောက်၊ တောင်၊ မြောက် ကန့်လန့်ဖြတ် လမ်းများ ဖြင့် စတုရန်းပုံ ဝင်းကြီးများကို ဖွဲ့စည်းသည် ။

မန္တလေးတောင်တော်၏ အရိပ်ကို ခိုလှုံသည့် နိမိတ်ကိုဆောင်သည့် အနေဖြင့် နန်းမြို့တော်က မြောက်ဖျား မန္တလေးတောင်ခြေ၌ တည်ရှိပြီး မြို့၏ အခင်းအကျင်းက တောင်မြောက်အလျား ခြောက်မိုင်ခွဲခန့်၊ အရှေ့ အနောက် အနံ လေးမိုင်ခန့်ရှိသောကြောင့် စတင်တည်စဉ်က မန္တလေး ၏ အကျယ်အဝန်းမှာ ဧရိယာ စတုရန်းမိုင် ၂၄. ၆၅ ခန့် ရှိသည် ။ မြို့ကို လေးပြင်လေးရပ် ခွဲခြား သတ်မှတ်ကာ အရပ်ဦးရေ ၅၄ ဌာနကို အမည် သမုတ် ခေါ်တွင် စေခဲ့၏ ။ နန်းတော်ကို ဗဟိုပြု၍ နန်းမြို့ရိုး၏ အရှေ့ဘက်ပိုင်းကို အရှေ့ပြင်၊ အနောက်ဘက်ကျသော အပိုင်းကို အနောက်ပြင်၊ မြောက်ဘက်ကျသော အပိုင်းကို မြောက်ပြင်ဟု အကြမ်းဖျင်းသတ်မှတ်သည် ။

အတိအကျ ဆိုရပါမူ အရှေ့ဘက်မြို့ရိုးနှင့် အနောက်ဘက်မြို့ရိုးကို မူတည်ပြီး အရှေ့ ဘက်မြို့ရိုးအတိုင်း တောင်မြောက်မျဉ်းဖြောင့်ဆွဲ၍ မျဉ်းအရှေ့ဘက်ကိုအရှေ့ပြင်၊ မျဉ်းအနောက် ဘက်ကို တောင်ပြင် သတ်မှတ်သည် ။ ထို့အတူ အနောက်မြို့ရိုးအတိုင်း တောင်မြောက် မျဉ်းဖြောင့် တစ်ကြောင်း ဆွဲစေပြန်ပြီး မျဉ်းအနောက်ဘက်ကို အနောက်ပြင်၊ မျဉ်း အရှေ့ဘက်ကိုတောင်ပြင် သတ်မှတ်ပြီး၊ မြောက်ဘက်တွင် မူ အနောက် ဘက် မြို့ရိုးအလိုက် မဟုတ်ဘဲ မြောက်ဘက်မြို့ရိုး အတိုင်း အရှေ့သို့ လေးပြတိတိ တက်ပြီးမှ မြောက်တည့်တည့် မျဉ်းဖြောင့် ဆွဲစေသည် ။ ထိုမျဉ်းဖြောင့် နှင့် အရှေ့မြို့ရိုး မျဉ်းဖြောင့်ကြားမှာ မြောက်ပြင် ဖြစ်၏ ။

ထို့ကြောင့် အရှေ့ပြင်တွင် ရပ်ကွက်ကြီး ခုနစ်ကွက်၊ တောင်ပြင်တွင် ရပ်ကွက်ကြီး ၁၃ ကွက်၊ အနောက်ပြင်တွင် ရပ်ကွက်ကြီး ၂၉ ကွက်နှင့်

မြောက်ပြင်တွင် ရပ်ကွက်ကြီး ငါးကွက်ဖြင့် ဖွဲ့စည်းထားပြီး စုစုပေါင်း ရပ်ကွက် ၅၄ ကွက်ရှိသည် ။ ၅၄ ကွက်စလုံးလည်း လှပခံ့ညား နန်းဆန်သော နာမည်များ ပေးခဲ့၏ ။ ယခုသော် ထိုရပ်ကွက်များမှာ မူလနာမည်များ တိမ်မြုပ် ပျောက်ကွယ်သွားကြ၏ ။ ဥပမာ - ဝိဇယမဟီ၊ ဇေယမင်္ဂလာ၊ ဘူမိဇေယာ၊ ဇမ္ဗူကြငှန်း၊ တုလွတ်ရန်အောင်၊ ဘေးမဲ့လွတ်ရှောင်၊ ကျွန်းလုံးကြေညာ၊ ဘုန်းတော်ရောင်၊ မြကျွန်းတန်ဆောင်၊ မြနန်းအောင်မြေ၊ မြနန်းစံရာ၊ မြနန်းဘုံသာ၊ မြကျွန်းမြေငူ ဟူသည့်အမည်နှင့် ရပ်ကွက်များ ဖြစ်သည် ။ ၅၄ ကွက်သော ရပ်ကွက်ကြီးများ အပါအဝင် လေးပြင်လေးရပ်ဖြင့် ဖွဲ့စည်းထားသည့် မြို့ကြီးကို ထု ၁၀ တာ (ပေ ၁၂၀ နီးပါး)၊ ထိပ်ပြင်ခြောက်တာ (ပေ ၇၀ ကျော်)၊ အမြင့် သံတောင် ၁၀ တောင် (၁၈ ပေ နီးပါး) ရှိပြီး တံခါး ၅၇ ရပ် ပါဝင်သည့်အပြင် မြေမြို့ရိုးကြီးဖြင့် ကာဆီးထားသည် ။

ထိုစဉ်က မန္တလေးမြို့ရှိ လူဦးရေမှာ တစ်သိန်းကျော်မျှ ရှိသည် ဟု ဆို၏ ။ သက္ကရာဇ် ၁၂၄၆ ခု သီတင်းကျွတ်လ သီပေါဘုရင်မင်းမြတ်၏ သမီးတော် နားသွင်းမင်္ဂလာ အခမ်းအနားတွင် ဆုတော် သနားရန် မြို့တွင်းမြို့ပြင်နေ ကျား၊ မ ကြီးငယ်လူဦးရေ တစ်သိန်းကျော်စာရင်းကိုလည်း ဆက်သွင်း စေသည် ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်တွင် ရေးသားထားသည် ။ မန္တလေးမြို့ကြီး ပြန်လည် တည်ဆောက်ရန် တောင်းဆို စည်းဝေးကြသည် ။

လွတ်လပ်ရေး ရပြီးနောက် မန္တလေးတွင် လွတ်လပ်ရေးကျောက်တိုင်၊ သာသနာ့ဗိမာန်၊ ဆရာအတတ်သင်သိပ္ပံ၊ ဆေးသိပ္ပံ၊ ပြည်သူ့ဆေးရုံကြီးများ ပေါ်ထွန်း လာပြီး မန္တလေးတက္ကသိုလ် သည် လည်း သီးခြားတက္ကသိုလ် ဖြစ်လာခဲ့သည် ။

၂၄.၆၅ စတုရန်းမိုင်မျှရှိသော မြို့ဧရိယာတွင် နန်းမြို့၏ အကျယ်စတုရန်းမိုင် ခြောက်မိုင်နှင့် ၄င်း၏ အရှေ့ဘက်၊ မြောက်ဘက်တို့ မှ ခြောက်မိုင် စတုရန်းမျှရှိသော နယ်မြေကို စစ်မြေ (ကန်တော်မင်ဧရိယာ) အဖြစ် နုတ်ကာ ကျန်မြေ ၂၁.၆၅ စတုရန်းမိုင်ကို မြူနီစီပယ်နယ်မြေအဖြစ် သတ်မှတ်ခဲ့သည် ။ မြူနီစီပယ်ဧရိယာတွင် အရှေ့ပြင်၌ ရပ်ကွက် သုံးကွက်၊ တောင်ပြင်၌ ၁၂ ကွက်၊ အနောက်ပြင်၌ အကွက် ၂၀ နှင့် မြောက်ပြင်မှ သုံးကွက်၊ စုစုပေါင်း ၃၈ ကွက် ရှိသည် ။

၁၉၅၁ ခုနှစ် ပါလီမန် ရွေးကောက်ပွဲကာလတွင် မန္တလေးကို ရပ်ကွက် မသတ်မှတ်တော့ဘဲ မန္တလေးမြို့မအရှေ့၊ မန္တလေးမြို့မအနောက်ဟု သာ နှစ်ပိုင်းခွဲ သတ်မှတ်ခဲ့သည် ။ မြို့၏ ဈေးများ ၊ ရေးပေးဝေပုံစနစ်၊ လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ တွင် သူ့အိုးသူ့ဆန် တန်ကာ လုံလောက်နိုင်နင်းခဲ့သည် ။

မန္တလေး မြို့တည်နန်းတည်နှစ် (၁၀၀) ပြည့်သော ၁၉၅၉ ခုနှစ်တွင် မြို့အကျယ်အဝန်းမှာ ၁၉.၀၈ စတုရန်းမိုင်၊ ရပ်ကွက်ကြီး ၃၈ ကွက်၊ အကွက်ပေါင်း ၉၀၀၊ အိမ်ခြေ ၃၅၀၀၀ နှင့် လူဦးရေပေါင်း နှစ်သိန်းခွဲနီးပါး ရှိသည် ဟု ဆိုသည် ။ ၁၉၅၂ ခုနှစ် သန်းခေါင်စာရင်းအရ စုစုပေါင်း ၁၈၅၈၆၇ ယောက် ရှိခဲ့သည် ။



ယနေ့မန္တလေး၏ အပေါ်စီးမြင်ကွင်း။

တော်လှန်ရေးအစိုးရလက်ထက် ၁၉၆၅ ခုနှစ်တွင် မန္တလေးကို လေးမြို့နယ်ဖြင့် ပြောင်းလဲ ဖွဲ့စည်းခဲ့၏ ။ (၁) အနောက်မြောက်မြို့နယ်၊ (၂) အနောက်တောင်မြို့နယ်၊ (၃) အရှေ့တောင်မြို့နယ်၊ (၄) အရှေ့မြောက်မြို့နယ်များ ဖြစ်သည် ။ အမှတ် (၁) နယ်မြေ၊ အမှတ် (၂) နယ်မြေ၊ အမှတ် (၃) နယ်မြေ၊ အမှတ် (၄) နယ်မြေ ဟု လည်း သုံးစွဲသေး၏ ။ ၁၉၆၅ ခုနှစ်၏ မြို့ပြဧရိယာမှာ ၂၅.၆၄ စတုရန်းမိုင်ရှိသည် ။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက် ၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မူလ လေးမြို့နယ်ကို ငါးမြို့နယ်အဖြစ် အသစ်ပြင်ဆင် ဖွဲ့စည်းခဲ့သည် ။ မန္တလေးမီးကြီးများကြောင့် ရပ်ကွက်ဝင်းကြီးများ အတွင်းမှ မူလအိမ်ခြေများအား ချမ်းမြသာစည် လေယာဉ်ကွင်း အရှေ့ဘက် ပဲဖြူကုန်းရွာအနီး နေရာချထားပေးရာမှ ကွက်သစ်များ ပေါ်လာခြင်းကို အခြေခံကာ ၁၉၈၈ ခုနှစ်နောက်ပိုင်း မန္တလေးမြို့အတွင်း ရွာနေပြည်ထိုင် ရပ်ကွက်ကြီးများ အလုံးအရင်းဖြင့် ရွှေ့

ပေးကာ မူလကွက်သစ်များ နှင့် တစ်ဆက်စပ်တည်း မြို့ကွက်သစ်များ ဖော်ထုတ် နေရာချထားပေးခြင်းများကြောင့် မန္တလေးမြို့ အကျယ်အဝန်း ဧရိယာမှာ ရုတ်ခြည်းပြောင်းလဲခဲ့သည် ။ ထို့ကြောင့်လည်း မူလလေးမြို့နယ်ကို ငါးမြို့နယ်အဖြစ် တိုးချဲ့ခဲ့သည် ။

၁၉၉၂ ခုနှစ်တွင် မြို့ဧရိယာမှာ ၄၁.၃၉ စတုရန်းမိုင်အထိ ကျယ်ဝန်းလာပြီး မြို့၏ အရှေ့အနောက် ကန့်လန့်ဖြတ် လမ်းမကြီးများ ဖြစ်သော ၂၆ (ဘီ) (အာဇာနည်) လမ်း၊ ၃၅ (အေ) လမ်း၊ သိပ္ပံလမ်းများကို အခြေခံကာ မြို့နယ်များ ပိုင်းခြားခြင်းဖြစ်ပြီး အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်ဟူ၍ အမည်သစ် မှ ည့်ခေါ်ခဲ့သည် ။ ၁၉၉၇ ခုနှစ်အထိ မြို့ကွက်သစ်များ သို့ မြို့တွင်းမှ အိမ်များ နေရာချထားခြင်း၊ ဝန်ထမ်းအသီးသီးအား မြေကွက်သစ်များ ချထားခြင်းများကို အခြားစီမံကိန်းလုပ်ငန်းကြီးများ ထက် ပိုမို ဦးစားပေး ဆောက်ရွက်ခဲ့သည် ။

ဧကကွက်ကြီးများမှ အစပြုကာ ပေ ၁၀၀ ပတ်လည်၊ ပေ ၈၀×၆၀ အကွက်၊ ပေ ၄၀×၆၀ အကွက်၊ ပေ ၃၀×၄၀ အကွက်များ အသီးသီး ချထားပေးခဲ့ရာ အချို့မှာ ပေ ၁၅×၃၀ အကွက်အထိ အသေးစိတ်ခဲ့သဖြင့် ပြောင်းရွှေ့နေထိုင်သူများ အတွက် အခက်အခဲများ လည်း ရှိခဲ့သည် ။

မန္တလေးသည် တစ်လျှောက်လုံး မြေကို ဖောသီစွာဖြင့် ကိုယ့်ဝင်း ကိုယ့်ခြံ၌ ကိုယ့်သစ်ပင် ကိုယ်စိုက်ကာ အေးချမ်းစွာ နေထိုင်ခဲ့ကြသည့်မြို့မို့ ယခုကဲ့သို့ အသစ်ပြောင်းရွှေ့ရမည့်နေရာ၌ အနည်းဆုံး ပေ ၄၀×၆၀ အကွက်များမှ သာ အသက်ရှူဝကာ စိတ်လက်ကြည်သာစွာ နေနိုင်မည့် အကျယ်အဝန်းများ ဖြစ်သည် ။

ယခုကဲ့သို့ ကွက်သစ်များ တိုးချဲ့ခြင်းနှင့်အတူ အနီးအနား အထက်မြ

န်မာပြည် တစ်လွှားမှ တောသူတောင်သားများကလည်း ရေကြည်ရာ မြက်နုရာ ဆိုသလို မန္တလေးသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာကြပြီး မြို့သစ်များ ၌ ရရာနေရာတွင် စိတ်ပိုင်းဝယ်ယူ နေထိုင်ကြ၏။

မြို့ပြင်ကွက်သစ်များ ၌ မြန်မာအများ စု ဝင်ရောက်လာသကဲ့သို့ လစ်ဟာပြောင်းလဲသွားသော မြို့တွင်းသို့လည်း မန္တလေး-လားရှိုးလမ်းမကြီးအတိုင်း တိုင်းရင်းသား ဆွေမျိုးပေါက်ဖော် အများ စု ကူးသန်းရောင်းဝယ်ဖောက်ကားခြင်းအလို့ ငှာ အများ အပြား ဝင်ရောက်လာကြသည်။ ၁၉၉၇ ခုနှစ်တွင် မန္တလေးမြို့၌ လူဦးရေ ၇၄၄၇၈၁ ဦး ရှိသည် ဟု စာရင်းများက ဆိုသည်။

မြို့၏ အနောက်ခြမ်း၊ ဧရာဝတီမြစ် ရှေ့ခြမ်းတွင် ရတနာပုံခေတ် က နောင်မင်းသားကြီး လက်ငုတ် ရတနာပုံ သင်္ဘောကျင်းကြီးကို အခြေပြုပြီး အနီးအနား ရပ်ကွက်များ အတွင်း၌ သံရည်ကျို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းငယ်များ အသီးသီးလည်း မြို့ပြအင်္ဂါနှင့် ညီညွတ်ရန်အတွက် စက်မှုဇုန်များ အသစ်တည်ဆောက် ပြောင်းရွှေ့ခဲ့၏။ ဧရိယာ အကျယ်အဝန်း ၉၆၀ ဧကတွင် စက်မှုလက်မှု လုပ်ငန်းကြီး ၆၀၊ အလတ် ၂၅ နှင့် အသေး ၆၀၀ ကျော် နေရာချထားပေးခဲ့သည်။ စက်မှုဇုန်များ အတွက် မဂ္ဂါဝပ် ၁၀ စွမ်းအားရှိ ဓာတ်အားခွဲရုံလည်း ဖွင့်လှစ်ခဲ့သည်။



မန္တလေးတောင်တော်နှင့် မန္တလေးမြို့

ထိုနှစ်မှာ ပင် ခန့်မှန်းဇုံကြီး ရှစ်ခုတွင် စီမံကိန်း အမျိုးအမည်ပေါင်း ၆၉ ခု ပါဝင်ကာ ၁၈.၂၈ ဘီလီယံဒေါ်လာ ကုန်ကျပြီး ၂၅ နှစ်ကြာ အကောင်အထည်ဖော်ရမည့် မဟာမန္တလေး ဖွံ့ဖြိုးတိုးတင်မှု စီမံကိန်းကြီး (The Greater Mandalay Structural Plan) ကို ရေးဆွဲခဲ့၏။

မြို့၏ အနောက်တောင်အစွန်၌ တက်သေးအင်းကြီးကို မန္တလေး ကန်တော်ကြီး အမည် ပြောင်းပြီး ကန်တော်ကြီးစီမံကိန်း Lake View City ကြီးအဖြစ် စတင် အကောင်အထည်ဖော်ခဲ့၏။

ယခု ကမ်းနားမြို့ပတ် ရှစ်လမ်းသွား လမ်းမကြီးဘေး ကန်တော်ကြီး အနောက်ခြမ်း လေးထပ် လူနေတိုက်ခန်းများမှာ ထိုစီမံကိန်းကြီး၏ ကနဦး ခြေလှမ်းများ ဖြစ်ခဲ့သည်။

ယခုအခါ မန္တလေး ကန်တော်ကြီးမှာ ကန်လယ်လမ်း၊ ကန်ပတ်လမ်း

၊ အပန်းဖြေဥယျာဉ်၊ ပျိုးခြံ၊ ပြည်ကြီးမွန်ဖောင်တော်များ ဖြင့် တင့်တယ် လှပနေပါပြီ။

၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် မြို့ကွက်သစ်များ တိုးချဲ့ကာ နေရာချထားမှုတွင် စက်မှုဇုန်များ ဆက်လက် အကောင်အထည်ဖော်မှု၌ ပိုမိုအားသာခဲ့သည် ။ ၂၀၀၂ ခုနှစ်တွင် မန္တလေး လူဦးရေမှာ ၈၃၇၆၈၅ ဦး အထိ တိုးတက်လာခဲ့၏ ။ ၂၀၀၃ ခုနှစ်တွင် မြို့ဧရိယာမှာ ၄၃.၉၄ စတုရန်းမိုင် ကျယ်ဝန်း လာပြီး ၂၀၀၄ ခုနှစ်၌ ၄၅ စတုရန်းမိုင်ရှိလာသည် ။

လူဦးရေမှာ အောင်မြေသာစံမြို့နယ်၌ ၂၃၅၅၆၇ ဦး၊ ချမ်းအေးသာစံမြို့နယ်၌ ၂၂၄၂၁၆ ဦး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၅၀၃၂ ဦး၊ ချမ်းမြသာစည်မြို့နယ်၌ ၁၅၇၈၀၅ ဦး၊ ပြည်ကြီးတံခွန်မြို့နယ် ၅၂၆၃၂ ဦးနှင့် စုစုပေါင်း လူဦးရေ ၈၇၅၂၅၂ ဦး ရှိသည် ။

စက်မှုဇုန်များ ၌ စက်မှုဇုန် (၁) တွင် လုပ်ငန်းကြီး ၆၅၊ အလတ် ၂၈၊ အသေး ၆၁၃ နှင့် စက်မှုဇုန် (၂) ၌ လုပ်ငန်းကြီး ၃၈၊ အလတ် ၈၈၊ အသေး ၅၈၀ ရှိကာ ခေတ်မီ သံရည်ကျိုစက်ရုံကြီးများ ပင် တည်ဆောက် လုပ်ကိုင်နေကြသည် ။

မန္တလေးသည် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်များ ၏ ကုန်စည် စီးဆင်းမှု ဆုံမှတ်သာမက တရုတ်နှင့် အိန္ဒိယ ၏ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ဖလှယ်ရေးအတွက် အချက်အချာကျ သောနေရာဖြစ်သောကြောင့် ကုန်သွယ်ရေးမှု ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ မြို့ပြ၏ ပြောင်းလဲမှုများ ကျွဲကူးရေပါ ဆက်စပ်ခဲ့သည် ။ မန္တလေးမြို့ သက် (၁၀၀) ၏ ရှေ့ပိုင်းကာလများကား မြို့အပြောင်းအလဲက စစ်နှင့် သဘာဝ ဘေးဒဏ် ကပ်ရောဂါများ ကြောင့်သာ လှုပ်ခတ်ပြောင်းလဲ ခဲ့သော်လည်း ပြန်လည်တည်ငြိမ်သည် နှင့် မူလနေရာ အခြေမပျက်၊ လိပ်

စာမပျက် နေမြဲအတိုင်း တည်ရှိခဲ့ကြ၏ ။

မြို့သက် ၁၅၀ ပြည့်ခါနီး သည် ဘက် ဆယ်စုနှစ်များ တွင် ကား မန္တလေး အပြောင်းအလဲသည် နိုင်ငံရေး၊ စီးပွားရေးနှင့် တိုက်ရိုက် ပတ်သက်နေသည် ။ ကမ္ဘာနှင့်အဝန်း ဖြစ်ထွန်းပြောင်းလဲမှုကလည်း မြန်ဆန်သကဲ့သို့ ဂယက်ရိုက်ခတ်မှုကလည်း အားကောင်းသည် ။ ထိုရိုက်ခတ်မှုအား တုံ့ပြန်နိုင်ရန် ကိုယ်ခံအား ပြည့်နေကြဖို့ လိုသည် ။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ရိုက်ခတ်မှုနှင့် တုံ့ပြန်မှု ပဋိပက္ခတိုင်း၌ မန္တလေးသည် ရုတ်ခြည်း ပြောင်းလဲခဲ့ပေသည် ။

နောင်လာမည့် လေးနှစ်အတွင်း နှစ် (၁၅၀) တင်းတင်းပြည့်မည့် မန္တလေးသည် ယခုနှစ်ထက် ပိုမိုကျယ်ဝန်း၊ ပိုမိုလူဦးရေများ ၊ ပိုမိုစည်ကား၊ ပိုမိုတိုးတက်လာမှာ သေချာသည် ။

ထိုအချိန်တွင် မန္တလေးသားများ ကိုယ်နှိုက်က မန္တလေးကို ထွေးပိုက်ပွေ့ဖက်ကာ အောင်စည် ရွှမ်း၍ ဂုဏ်ပြုလိုခြင်း ဆန္ဒကိုယ်စီရှိမှာ သေချာသည် ။ ဒါကတော့ မန္တလေးကလည်း မန္တလေးသား များကို ရင်နှစ်သည်းချာကဲ့သို့ ချစ်ခင်စောင့်ရှောက်ဖို့ လည်း လိုပေသည် ။ ။



* * *